# Minutes of Myanmar Language Information Management Network Meeting

*26th February 2025, 2PM MMT, online via Zoom*

## Agenda

1. Presentation – Youth & Migration (MDO/UNDP)
2. Presentation – MIMU Pcodes Version 9.6 (MIMU)
3. Visualising Women and Girls in Humanitarian Need 2025 Infographic စဉ်းစား လုပ်ဆောင်ခဲ့ပုံ ကို အသိပညာ မျှဝေခြင်း (MIMU)
4. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
5. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## **Attendance**

Chair: Ei Ei Thein (MIMU)

Participants: ADRA, AHRN, ARC, BS, CBC, CESVI, CL, CPI, CPM, FAO, GNI, HALO, IRC, JOICFP, KMSS, MI, MIMU, MRCS, MSU, NRC, Nyein, OCHA, PPWT, RSP, SARA, SCI, UNDP, UNFPA, WVM (33 participants from 29 organisations)

## **၂၀၂၅ ခုနှစ် မြန်မာဘာသာစကား/အင်္ဂလိပ်ဘာသာစကား IM Network Meeting အစီအစဉ်**

| | Jan | Feb | Mar | Apr | May | Jun | July | Aug | Sep | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ENG | | | | | | | | | | | | |
| MMR | | | | | | | | | | | | |

## ၁။ **Youth & Migration (MDO/UNDP)**

Myanmar Development Observatory (MDO/UNDP) မှ **Youth & Migration** သုတေသနကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံရှိ လူငယ်များ၏ ရွှေ့ပြောင်းမှုနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အမြင်များကို Myanmar Youth Survey (MYS) မှတဆင့် လေ့လာခဲ့သည်။ ၂၀၂၄ ခုနှစ် ဇွန်လမှ စက်တင်ဘာအထိ တိုင်းနှင့်ပြည်နယ် ၁၅ ခုတွင် အသက် ၁၈ မှ ၃၅ နှစ်ကြား လူငယ် ၇,၁၀၀ ကျော်ကို Computer-Assisted Telephone Interviewing (CATI) နည်းဖြင့် မေးမြန်းခဲ့သည်။ ဤသုတေသနတွင် လူငယ်များ၏ စီးပွားရေးနှင့် ပညာရေးဆိုင်ရာ အခက်အခဲများ၊ ခွဲခြားဆက်ဆံမှုနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများ၊ GBV နှင့် အမျိုးသမီးအခွင့်အရေးများ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် နိုင်ငံအပေါ် သူတို့၏ အမြင်များကို တိုင်းထွာလေ့လာခဲ့သည်။

ရရှိသော အချက်အလက်များကို အခြေခံ၍ Report လေးစောင် ထုတ်ရန် ရည်ရွယ်ထားပြီး ပထမအကြိမ်တွင် လူငယ်များ၏ ရွှေ့ပြောင်းမှုနှင့် မြန်မာနိုင်ငံအပေါ် သဘောထားများကို အဓိက ဖော်ပြခဲ့သည်။ အခြား Report များအနေနဲ့ လူငယ်များ၏ စီးပွားရေးနှင့် ပညာရေးဆိုင်ရာ အခက်အခဲများ၊ လုံခြုံရေးနှင့် ခွဲခြားဆက်ဆံမှုများ၊ နောက်ဆုံးတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ပတ်သက်သော အချက်များကိုလည်း အသေးစိတ်ဖော်ပြမည် ဖြစ်သည်။ ဤသုတေသနတွင် ရှိနေသည့် လူငယ်များ၏ အသံကို နားထောင်ရန် Focus Group Discussion များကို မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်း ၇ ခုတွင် သာမက ထိုင်းနိုင်ငံတွင်ပါ ပြုလုပ်ခဲ့ပြီး ပါဝင်ဆွေးနွေးသူ ၁၉၂ ဦး ရှိခဲ့ပါသည်။

အခြားသော သုတေသနစာတမ်းများ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၁ ဒီဇင်ဘာမှ ၂၀၂၃ ဇွန်အထိ ပြည်တွင်းနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားလာသူများသည် မြန်မာနိုင်ငံသားစုစုပေါင်း၏ ၁၈.၅ ရာခိုင်နှုန်းရှိခဲ့ပြီး ထိုထဲမှ ၆.၄၅ သန်းသည် လူငယ်များဖြစ်သည်။ ထို့အပြင် စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီးနောက်ပိုင်း လူငယ်များသည် နိုင်ငံပြင်ပသို့ ထွက်ခွာရန် ပိုမို ကြိုးစားလာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူငယ်အင်အား လျော့နည်းသွားခြင်းကြောင့် စီးပွားရေးလုပ်ငန်းများတွင် အလုပ်သမားရှားပါးမှုများ ကြုံတွေ့လာရသည်။ MYS Survey ၏ လေ့လာတွေ့ရှိချက်အရလူငယ် ၄၀ ရာခိုင်နှုန်းခန့်သည် နိုင်ငံမှ ထွက်ခွာလိုကြောင်း ပြသခဲ့ပြီး အထူးသဖြင့် ရခိုင်ဒေသမှ လူငယ် ၆၀ ရာခိုင်နှုန်းသည် ဆင်းရဲမှုကြောင့် ထွက်သွားလိုကြောင်း ထင်မြင်ချက်ထုတ်ဖော်ခဲ့သည်။ ထွက်ခွာလိုမှုများသည် ရန်ကုန်နှင့် ချင်းပြည်နယ်များတွင်လည်း မြင့်မားနေသည်။

ယခုကဲ့သို့ နိုင်ငံမှ ထွက်ခွာသွားရန် စဉ်းစားလျက်ရှိသော လူငယ်ဦးရေမှာလည်း မြင့်မားနေသောကြောင့် မြန်မာနိုင်ငံတွင် လူငယ်အင်အား ထပ်မံ လျော့နည်းသွားခြင်းများ ဖြစ်လာနိုင်သည်။ ထွက်သွားလိုသော အကြောင်းရင်းများထဲတွင် နိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ တိုးလာခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့် စစ်မှုထမ်းဥပဒေတို့ကြောင့် ဖြစ်သည်။ Survey အရ လူငယ်များသည် ဂျပန်၊ ထိုင်း၊ တောင်ကိုရီးယား၊ စင်္ကာပူကဲ့သို့သော နိုင်ငံများသို့ ပြောင်းရွှေ့လိုကြောင်း ပြသထားသော်လည်း  မြန်မာနိုင်ငံမှ တိုင်းတစ်ပါးသို့ထွက်ခွာသွားသူ အများစုမှာ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဆော်ဒီ၊ အမေရိကကဲ့သို့သော နိုင်ငံများသို့ သွားခဲ့ကြသည်။

ထွက်ခွာလိုသော လူငယ် ၄၀ ရာခိုင်နှုန်း၏ တစ်ဝက်ခန့်မှာ ခရီးသွားအထောက်အထားမရှိမှုကြောင့် တရားမဝင်နည်းလမ်းများဖြင့် ပြည်ပသို့ ထွက်ခွာသွားနိုင်ချေရှိသည်။ သို့သော် ထွက်သွားပြီးနောက် နိုင်ငံတွင်းရှိ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးကောင်းလာပါက ၉၀ ရာခိုင်နှုန်းသည် ပြန်လာလိုကြောင်းလည်း ထင်မြင်ချက်ထုတ်ဖော်ခဲ့သည်။ ထို့အပြင် နိုင်ငံအတွင်း နိုင်ငံရေး၊ ဒီမိုကရေစီနှင့် စီးပွားရေး တိုးတက်မှုတို့အနက် လူငယ်များက မည်သည့်အရာကို အဓိက တွေ့မြင်ချင်ကြသည်ကို လေ့လာခဲ့ရာ၆၂ ရာခိုင်နှုန်းသည် ဒီမိုကရေစီနှင့် စီးပွားရေး တပြိုင်တည်း တိုးတက်လာမှုကို လိုချင်ကြကြောင်း ပြသခဲ့ပြီး, ၁၄ ရာခိုင်နှုန်းသည် ဒီမိုကရေစီသာ တိုးတက်စေချင်ကြောင်း, ကျန် ၁၄ ရာခိုင်နှုန်းသည် စီးပွားရေးသာ တိုးတက်စေချင်ကြောင်း ပြောဆိုခဲ့သည်။

လူငယ်များ၏ ရွှေ့ပြောင်းမှုနှင့် နိုင်ငံရေးအမြင်သည် ငြိမ်းချမ်းရေးဖန်တီးနိုင်မှုအပေါ်လည်း သက်ရောက်မှုရှိသည်။ Survey တွင် ၇၀ ရာခိုင်နှုန်းခန့်သည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ဖြစ်ပေါ်နိုင်ကြောင်း ယုံကြည်ထားသော်လည်း,

ရခိုင်၊ ကချင်နှင့် ရှမ်းဒေသများမှ လူငယ်များက ငြိမ်းချမ်းရေး ဖြစ်ပေါ်နိုင်မှုကို ပို၍ သံသယဖြင့် ကြည့်မြင်ကြသည်။ အပစ်အခတ်ရပ်စဲရေး ဖြစ်ပေါ်နိုင်ကြောင်း ၆၆ ရာခိုင်နှုန်းက ထောက်ခံသော်လည်း တိုင်းနှင့် ပြည်နယ်အလိုက် ယုံကြည်မှု မတူညီမှုများရှိနေသည်။ ပြည်ပသွားလိုသူများသည် မသွားလိုသူများထက် ငြိမ်းချမ်းရေး ဖြစ်လာနိုင်မှုအပေါ် ပိုမို မယုံကြည်ကြသည်။

မြန်မာနိုင်ငံ၏ အနာဂတ်အပေါ် လူငယ်များ၏ အမြင်အရ ယခုအခါ မြန်မာနိုင်ငံသည် ဆိုးရွားနေသော်လည်း နောက် ၅ နှစ်အတွင်း တိုးတက်လာမည်ဟု လူငယ် ၄၀ ရာခိုင်နှုန်းကျော်က ယုံကြည်သည်။ ရခိုင်ဒေသမှ လူငယ်များမှာ ပြည်ပထွက်ခွာလိုမှု အများဆုံးဖြစ်သော်လည်း နောက် ၅ နှစ်တွင် မြန်မာနိုင်ငံ ပိုကောင်းလာမည်ဟု ယုံကြည်မှု အများဆုံးဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏ ရွှေ့ပြောင်းမှုနှင့် နိုင်ငံအပေါ် အမြင်သည် အနာဂတ် မြန်မာနိုင်ငံ၏ တည်ငြိမ်မှုနှင့် တိုးတက်မှုအပေါ် အလွန်အရေးကြီးသော သက်ရောက်မှုရှိနိုင်သည်။

## ၂။ MIMU Pcodes Version 9.6 (MIMU)

Pcodes သည် မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသများကို သတ်မှတ်သည့် သင်္ကေတများဖြစ်ပြီး၊ ရွာအဆင့်မှ တိုင်းနှင့် ပြည်နယ်အထိ ပြန်နှံ့လွှမ်းခြုံနိုင်သည်။ MIMU သည် ၂၀၀၈ ခုနှစ်မှစ၍ Pcodes စနစ်ကို ပြုစုထိန်းသိမ်းလာခဲ့သည်။ ၎င်းစနစ်သည် နေရာဒေသများအတွက် ထပ်တူညီမှုမရှိသော အညွှန်းစနစ် တစ်ခုဖြစ်စေရန်၊ အမည်အညွှန်း မသေချာမှုများကို ရှောင်ရှားရန်၊ အချက်အလက်များကို ပိုမို တိကျစွာ မှတ်တမ်းတင်နိုင်ရန်၊ dataset များကို တိုးချဲ့သုံးနိုင်ရန်နှင့် မြေပုံရေးဆွဲမှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားသည်။

ထို့အပြင် Pcodes Structure ကိုလည်း တိကျသေချာ ပြုလုပ်ထားပြီး, MMR ဖြင့် စတင်သော Country Level မှ State & Region, Township, Village အထိ တည်ဆောက်ထားသည်။ Village Code သည် ၆ လုံးကုဒ် ပုံစံသို့ ပြောင်းလဲထားပြီး၊ တရားဝင်ပြဌာန်းထားသော နေရာနာမည်များနှင့် ဒေသတွင် ခေါ်ဝေါ်သော နာမည်များကို အသီးသီး မှတ်တမ်းတင်ထားသည်။

Pcodes Dataset တွင် Mapping Status ကို Active/InActive အနေနှင့် ခွဲခြားသတ်မှတ်ထားပြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းတွင် မပါရှိတော့သည့် နေရာဒေသများကို inactive အနေဖြင့် MIMU Pcodes စာရင်းထဲတွင် ထည့်သွင်းထားသည်။ ရွာများသည် ရွာမှ ရပ်ကွက်ကြီးသို့ အဆင့်မြင့်ဖွဲ့စည်းခြင်း၊ ကျေးရွာစာရင်းမှ ပယ်ဖျက်ခြင်း၊ ကျေးရွာများ ကျေးရွာအုပ်စုတစ်ခုမှ အခြားကျေးရွာအုပ်စုတစ်ခုသို့ ပြောင်းရွှေ့ဖွဲ့စည်းခြင်း၊ နှစ်ရွာပေါင်း၍ ရွာအသစ် တည်ထောင်ခြင်း စသည့် ပြောင်းလဲမှုများကို Change Type တွင် ဖော်ပြထားသည်။

၂၀၂၁ မတိုင်ခင် ထိုကဲ့သို့ အုပ်ချုပ်မှုယူနစ်များ ပြောင်းလဲမှုများကို Pcodes Version 9.6 တွင် သိမ်းဆည်းထားပြီး၊ နောက်ပိုင်းတွင် အသစ်ထည့်သွင်းသည့်ရွာများ၊ လက်တီကျူ၊ လောင်တီကျူ ပြင်ဆင်မှုများသာ ပြုလုပ်ထားသည်။

MIMU Pcodes တွင် ၆၆,၆၅၇ ရွာရှိပြီး, လက်ရှိတွင် ၈၀.၈% သည် ကိုသြဒိနိတ် အတိအကျဖြင့် မြေပုံပေါ်တွင် ဖော်ပြနိုင်သည်။

MIMU သည် Pcodes ပြင်ဆင်မှုများ ကို မြေပြင်ပေါ်တွင် စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် ရွာများ၏ နာမည်၊ လက်တီကျူ၊ လောင်တီကျူ၊ စာလုံးပေါင်းများအား ပြင်ဆင်မှုကို Pcodes Submission Form ဖြင့် တင်ပြနိုင်ပြီး စံနှုန်းနှင့် ကိုက်ညီပါက ပြင်ဆင်ပေးမည် ဖြစ်သည်။

MIMU Website – Navigation Bar ရှိ Data & Databases အောက်တွင် Place Codes (Pcodes) စာမျက်နှာ ရှိပြီး Pcodes Dataset နှင့် Change History Report များ ပါဝင်သဖြင့်, Pcodes အသုံးပြုမှုနှင့် dataset များအားလုံးကို ဝင်ရောက်ကြည့်ရှုနိုင်သည်။ Pcoder Tool မှတဆင့် ရွာများနှင့် Pcodes များကို အလိုအလျောက် တိုက်စစ်ဆေးမှု ပြုလုပ်နိုင်သည်။ Pcodes သည် မြန်မာနိုင်ငံအတွင်း အချက်အလက်စနစ် တစ်ခုအဖြစ် တည်ရှိပြီး နေရာများနှင့် တိကျသော ဒေတာများ ထိန်းသိမ်းမှုအတွက် အရေးကြီးသော အခန်းကဏ္ဍကို ထမ်းဆောင်နေသည်။

**MIMU Pcodes** - https://themimu.info/place-codes

## ၃။ Visualising Women and Girls in Humanitarian Need 2025 Infographic စဉ်းစားလုပ်ဆောင်ခဲ့ပုံကို အသိပညာမျှဝေခြင်း (MIMU)

MIMU သည် မတ်လ ၈ ရက်နေ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် "Visualising Women and Girls in Humanitarian Need 2025" Infographic တစ်ခု ဖန်တီးခဲ့သည်။ အမျိုးသမီးများနှင့်ပတ်သက်သော data များကို OCHA မှ ထုတ်ပြန်သည့် Myanmar Humanitarian Needs and Response Plan (2024) မှ ဆွဲထုတ်ဖန်တီးခဲ့သည်။ ၎င်းတွင် မြန်မာနိုင်ငံရှိ အမျိုးသမီး ၇ သန်းနှင့် အမျိုးသမီးငယ် ၃ သန်းခန့် ပါဝင်ပြီး စုစုပေါင်း ၁၀ သန်းခန့် ရှိကြောင်း သိရှိရသဖြင့်, ယင်းအချက်အလက်များကို Infographic အဖြစ်ဖန်တီးရန် စတင်စဉ်းစားခဲ့သည်။

Infographic များဖန်တီးရာတွင် မြေပုံပုံစံသည် မထင်ရှားနိုင်ခြင်း ကြောင့် Cluster Data ပုံစံဖြင့် ဖော်ပြရန် ဆုံးဖြတ်ခဲ့သည်။ HDX မှ Open Data များကို အသုံးပြု၍ JIAF Data နှင့် Humanitarian Needs Data များထဲမှ Final Severity Score နှင့် Women & Girls in Humanitarian Needs Population Data ကို ထုတ်ယူခဲ့သည်။ Infographic Design အတွက် South China Morning Post ကဲ့သို့ သတင်းစာများ မှ Journalistic Infographics များကို Reference ယူကာ Tableau Public Software တွင် ရေးဆွဲခဲ့သည်။ Point & Circle Visualisation ကို အသုံးပြု၍ မြို့နယ်အလိုက် ဖော်ပြထားပြီး, Tooltip များဖြင့် Cluster Data ကို Pop-Up ပြသနိုင်သည်။

Tableau ၏ Limitations ကြောင့် Dashboard မှာ Font Size & Layout မပြည့်စုံနိုင်ခြင်း, Online Version တွင် Font မပေါ်ခြင်း, Layout ပြောင်းလဲနိုင်ခြင်း တို့ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် Photoshop ဖြင့် Manual Text Adjustments နှင့် Design အစိတ်အပိုင်းများ ပြုလုပ်ပြီးမှ ထည့်သွင်းခဲ့သည်။ တိုင်းနှင့် ပြည်နယ်၊ မြို့နယ်အလိုက် Data ကို ကြည့်နိုင်စေရန် Filters & Search Functions ထည့်သွင်းခဲ့သည်။ Communication Team အနေနှင့် Storytelling ပိုမို ထင်ရှားစေရန် Annotations ထည့်ထားသဖြင့်, Data Analysts များအတွက်လည်း Only Points View & Annotation On/Off Option များ ပါဝင်သည်။

Infographic ထဲတွင် အဓိက အရေးကြီးသည်မှာ Users မည်သို့ဖတ်သင့်သည်ကို ရှင်းလင်းပြသခြင်း ဖြစ်သည်။ Legend မှသာမက, User Guide (Instruction Panel) တစ်ခု ထည့်သွင်းခြင်းဖြင့် ပိုမို နားလည်နိုင်စေရန် ဆောင်ရွက်ထားသည်။ Reference Page သီးသန့် ထည့်သွင်းပြီး Data Source များကို ထင်ရှားစေရန် စီစဉ်ထားသည်။

## ၄။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**JOICFP** ။ ။ Project လုပ်ဆောင်ရာတွင် သိရှိသော အချက်အလက်များ ကို မျှဝေခဲ့သည်။ မှတ်ပုံတင် (Registration) / MOU ရှိမရှိ မသက်ဆိုင်ဘဲ, လစဉ် အစည်းအဝေးတက်ရောက်ရန် ပြန်ခေါ်သည်။ ဝန်ထမ်း မဟုတ်ဘဲ ပါဝင်ကူညီနေသော Volunteer များအတွက် ထောက်ခံစာ တင်ပြရန် လိုအပ်မည် ဖြစ်သည်။

**MIMU** ။ ။ 5W information ကောက်နေပြီး 5W Support Session များလဲ ပြုလုပ်နေပါသည်။ 5W ပေးပို့ရန် deadline မှာ မတ်လ ၁၁ ရက်ဖြစ်ပြီး ထိုအချိန်နောက်ပိုင်းမှာ 5W product များ ဆက်တိုက် ထွက်လာမှာ ဖြစ်သည်။ Basic QGIS သင်တန်းကို လူရွေးထားပြီး သင်တန်းကို မတ်လ ပထမပတ်မှာ ပြုလုပ်မှာ ဖြစ်သည်။

## ၅။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း မေလ နောက်ဆုံးအပတ် ၂၈ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။